## ကျမ်းပြီးနိဂုံး

**ပဋိသန္ဓေအသစ်။** ။ဆရာ့ထံ၌ သားငယ်ကို အပ်နှံခြင်းသည် ဘဝအသစ်၌ ပဋိသန္ဓေအသစ် ယူစေခြင်းနှင့် တူ၏၊ လူ့ဘဝ၌ ပဋိသန္ဓေနေသူသည် မိမိဖြစ်ရာအမျိုး၏ ရိုးရာလိုက်၍ စားသောက်နေထိုင် ကျင့်ကြံလေ့ ရှိသကဲ့သို့ ဆရာကောင်းထံ အပ်နှံမိလျှင် ဆရာကောင်း၏ အတုလိုက်၍ ဆရာ မကောင်းထံ အပ်နှံမိလျှင်လည်း ထိုဆရာ မကောင်း၏ ထုံးစံကိုသာ လိုက်မိတော့သည်၊ ထို့ကြောင့် ကျနစွာ သင်ပြမပေးတတ်သော ဆရာ့အထံ၌ နေမိခြင်းသည် အမျိုးညံ့မှာ ပဋိသန္ဓေ နေမိခြင်းနှင့် တူ၏၊ ကျနစွာ သင်ပြပေးတတ်သော ဆရာ့အထံ၌ နေမိခြင်းကား အမျိုးကောင်း မိဘကောင်းထံမှာ ပဋိသန္ဓေ နေမိခြင်းနှင့် တူသည်။

**အဋ္ဌကထာ။** ။ပဗ္ဗဇ္ဇာ ဟိ နာမေသာ ပဋိသန္ဓိဂ္ဂဟဏသဒိသာ။ ယထာ မနုဿာ ယတ္ထ ပဋိသန္ဓိံ ဂဏှန္တိ၊ တေသံယေဝ ကုလာနံ အာစာရံ သိက္ခန္တိ၊ ဧဝံ ဘိက္ခူပိ (သာမဏေရာပိ) ယေသံ သန္တိကေ ပဗ္ဗဇန္တိ၊ တေသံယေဝ အာစာရံ ဂဏှန္တိ။ [သဠာယတနသံယုတ်၊ အာသီဝိသဝဂ္ဂ၊ စတုတ္ထသုတ်။]

**ကျနစွာ သင်ပေးပါ။** ။ထို့ကြောင့် ဤရှင်ကျင့်ဝတ်၌ ပြခဲ့သည့်အတိုင်း ကျနစွာ သင်ပေး၍ သင်ပြသည့်အတိုင်းလည်း လိုက်နာသော ရဟန်း သာမဏေများသာ "ဆရာကောင်း တပည့်၊ တပည့်ကောင်း ဆရာ"ဟု